# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 22, 2020 Volume 36, Number 16


**၂၂.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၈/- ကျပ် |
| CBM Rate | = ၁၂၉၃.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၆ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၄.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၄.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၅၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၁.၉၈ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၄၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့ကော်ဖီ နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်နိုင်ရေး ကုန်သွယ်ရေးပလက်ဖောင်းတစ်ခု အကောင်အထည်ဖော်ဆောင်နိုင်ရန်စီစဉ်



မြန်မာ့ကော်ဖီအား နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကုန်သွယ်ရေး ပလက်ဖောင်းတစ်ခုဖြစ်သော Beyco Platform ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသိရသည်။ Beyco Platform အား မိတ်ဆက်သည့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလအတွင်းက Google Meet App ဖြင့် ကျင်းပခဲ့သည်။

Beyco Platform ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ကော်ဖီဆက်နွယ်မှုနှင့် လွတ်လပ်သော ကုန်သွယ်ရေးပလက်ဖောင်းတစ်ခုဖြစ်ပြီးကော်ဖီရောင်းချသူများ အနေဖြင့် နိုင်ငံတကာဝယ်လက်များနှင့် ဆက်သွယ်နိုင်ကြောင်း၊ ယင်းအတွက် ကမ္ဘာတစ်ဝန်းရှိ ကော်ဖီရောင်းချသူများနှင့် ဝယ်သူများတစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ချိတ်ဆက်ရောင်းချနိုင်ပြီး အဆိုပါ ပလက်ဖောင်းကို အခမဲ့အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။ ဒါနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲမှာလည်း အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။ အဓိကကတော့ ဒီပလက်ဖောင်းကို စိတ်ဝင်စားတဲ့သူတွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်ပေးမှာပါဟု မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

COVID-19 ရောဂါအခြေအနေကြောင့် မြန်မာ့ကော်ဖီ ပြည်ပသို့တင်ပို့မှု သိသာစွာကျဆင်းခဲ့ပြီး လက်ရှိကာလ၌ ပိုမိုသိသာလာကာ ပြည်တွင်းဈေးကွက်၌လည်း ဝယ်လိုအားကျဆင်းလာသည့်အတွက် ဈေးလျှော့ရောင်းချနေရကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3298

## ကမ္ဘာ့အကြီးဆုံး ဈေးကွက်နှစ်ခုကို ချိတ်ဆက်ပေးနိုင်သည့် မြန်မာတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်လုပ်ငန်းရှင်များအား ဖိတ်ခေါ်

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကမ္ဘာ့အကြီး ဆုံးဈေးကွက်နှစ်ခုကို ချိတ်ဆက်ပေးနိုင်သဖြင့် လာရောက် ရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်လုပ်ငန်းရှင်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကဖိတ်ခေါ်သည်။ မြန်မာ-ဟောင်ကောင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက စီစဉ်ကျင်းပသည့် Brimming with Opportunities Prospects in Myanmar for HKInvestors Webinar တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ "မြန်မာက ကမ္ဘာ့အကြီးဆုံးဒေသတွင်း စီးပွားရေး အင်အားကြီးနှစ်ခုဖြစ်တဲ့ အာရှတောင်ပိုင်းနှင့်အရှေ့တောင်အာရှတို့ကို ဆက်သွယ်ထားသော မဟာဗျူဟာကျသော တံတား တစ်စင်းဖြစ်ပါတယ်။ ကျွန်တော်တို့က အရှေ့အလယ်အပိုင်းနဲ့မဲခေါင်ဒေသကို ဆက်သွယ်ရေးလမ်းကြောင်းအဖြစ်နဲ့ အဓိက ဆောင်ရွက်ပေးချင်တာပါ"ဟု ဝန်ကြီး ဦးသောင်းထွန်းကပြောသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ခန့်မှန်းချက်အရ ကိုဗစ်ကပ်ရောဂါဖြစ်နေသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းသည် ၂၀၂၀ တွင် ၂ ရာခိုင်နှုန်းရှိပြီး အပေါင်းလက္ခဏာဆောင်နေဆဲဖြစ်သည်ဟုဝန်ကြီးကဆိုသည်။ လာမည့် ၂၀၂၁ တွင်လည်း တိုးတက်နှုန်း ၆ ရာခိုင်နှုန်းကို အလျင်အမြန်တိုးတက်ရောက်ရှိမည်ဟု ဝန်ကြီးကဆိုသည်။ဟောင်ကောင်သည် လက်ရှိအစိုးရသက်တမ်း လေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု တတိယအများဆုံး ဝင်ရောက်သည့် နိုင်ငံဖြစ်ပြီး လက်ရှိတွင် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း၊ ငွေကြေးကဏ္ဍ၊ လက်လီလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံထားသည်။

Marga ကုမ္ပဏီအုပ်စု၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကြီးချုပ်အမှုဆောင် Mr. Edgar C P Kwan က ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး မသေချာ မရေရာမှုများရှိသော်လည်း လာမည့်နှစ်တွင် မြန်မာနိုင်ငံ၌ ထပ်မံ ရင်းနှီးမြှုပ်နှံမည်ဟုဆိုသည်။ အထူးသဖြင့် စွမ်းအင်၊ အိမ်ရာ၊ ကုန်ထုတ် ဝန်ဆောင်မှုကဏ္ဍ တို့တွင်ဖြစ်သည်ဟု ဆိုသည်။ Memories Group အမှုဆောင်အရာရှိချုပ် Mr. Cyrus Punက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာတွင် ကြိုးနီစနစ်နှင့်ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်ရသည့်အခက်အခဲများကို လျှော့ချပေးရန် လိုသည်ဟုဆိုသည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများကို ပွင့်လင်းမြင်သာမှုနှင့် ကြိုးနီစနစ်လျှော့ကျအောင် ဆောင်ရွက်ပေးနေ ကြောင်း ဥပမာအားဖြင့် ကုမ္ပဏီမှတ်ပုံတင် စနစ်နှင့် အွန်လိုင်းမှ အခွန်ဆောင်ရသည့် စနစ်များကို ဆောင်ရွက် ပေးထားသည်ဟု ဝန်ကြီးက ပြောသည်။ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်မှုအနေဖြင့် မကြာခင်က စိတ်ဝင်စားမှုဖိတ်ခေါ်ထားသည့် ရန်ကုန်အနောက် ဘက်ခြမ်း စက်မှုဥယျာဉ်ပန်းခြံစီမံကိန်း၊ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အခု ၃၀၊ သီလဝါမှ LNG သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍကို ထပ်မံဖြေလျှော့ကာ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် သွားရန်ရှိသည်ဟု ဝန်ကြီးကပြောသည်။

**Source:** https://7day.news/detail?id=202872

## တောင်သူဈေးကားအစီအစဉ် ပူးပေါင်းဆောင်ရွက်လိုသူများကိုဖိတ်ခေါ်



တောင်သူဈေးကား အစီအစဉ် ရန်ကုန်တစ်မြို့လုံး လွှမ်းခြုံနိုင်စေရန် ဖြန့်ချီရေးနှင့် လက်လီအရောင်း ပူးပေါင်းဆောင်ရွက်လိုသူများကို ဖိတ်ခေါ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) က ကြေညာ သည်။ တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ ဒေါပုံနှင့် သာကေတမြို့နယ်များတွင် သစ်သီးဝလံအသင်း၏ လက်လီဈေးကားများက တာဝန်ယူ ရောင်းချမည် ဖြစ်ရာ ပူးပေါင်းဆောင်ရွက်လိုသူများသည် ကျန်ရှိသောမြို့နယ် ၃၄ ခုတွင် တောင်သူဈေးကားများ လှည့်လည်ရပ်နား ရောင်းချနိုင်ရေးနှင့်

အိမ်အရောက်ပို့ဆောင်ရေးဖြင့် လက်လီဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။ "မနေ့ကစပြီး ပူးပေါင်းလိုတဲ့ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေစခေါ်တယ်။ သုံးယောက်လောက်က အခုဆက်သွယ်တယ်။ သတ်မှတ်ထားတဲ့ မူဝါဒနဲ့ကိုက်ညီအောင် လတ်တလော ထပ်ပြီးစီမံနေတယ်"ဟု MFVP အလုပ်အမှုဆောင် ဦးဇော်မင်းကပြောသည်။

တောင်သူဈေးကားဆောင်ရွက်ရန် ရန်ကုန်လိုင်စင်အပြည့်အစုံရှိ မော်တော်ယာဉ် (Hijet ကဲ့သို့ ယာဉ်ငယ်ကစ၍ နှစ်တန်ကုန်တင်ယာဉ်) တောင်သူဈေး ကားတစ်စီးလျှင် အနည်းဆုံးကုန်တန်ဖိုး ကျပ်နှစ်သိန်းမှ စတင်ရင်းနှီးမြှုပ်နှံလည်ပတ်ရန် ငွေကြေး၊ လိုင်စင်ရှိ ယာဉ်မောင်းနှင့်အရောင်းဝန်ထမ်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ သိုလှောင်ထိန်းသိမ်းသည့် လုပ်ငန်းကျွမ်းကျင်သူနှင့် လူမှုစီးပွားအကျိုးပြု လုပ်ငန်းဝါသနာပါသူဖြစ်ရမည်ဟု ကနဦးသတ်မှတ်ထားသည်။

တောင်သူဈေးကား စီမံခန့်ခွဲရေးအဖွဲ့ထံ မှတ်ပုံတင်ပြီးသော တောင်သူများ၏ကုန်များကိုသာ ရောင်းချရမည်ဖြစ်ပြီး အခြေခံလူတန်းစားများသော သတ်မှတ်ရပ်ကွက်များတွင် ရောင်းချရာ၌ တောင်သူဈေးကား စီမံခန့်ခွဲရေး အဖွဲ့က သတ်မှတ်ပေးသော ဈေးနှုန်းဘောင်အတွင်းသာ ရောင်းချပေးရမည်ဟုဆိုသည်။ အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချရာတွင် သပ်ရပ်စွာ ထုပ်ပိုးပြီးမှ ပို့ဆောင်ပေးခြင်းနှင့် ကပ်ရောဂါထိန်းချုပ်၊ ကာကွယ်၊ ကုသရေးစည်းကမ်းများကို တင်းကျပ်စွာလိုက်နာရန် လိုအပ်မည်ဖြစ်သည်။ ဇူလိုင်ကစတင်ခဲ့သည့် ရန်ကုန်တောင်သူဈေးကားအစီအစဉ်ကို ကပ်ရောဂါအခြေအနေကြောင့် စက်တင်ဘာတွင် ရပ်နားခဲ့ပြီး ရန်ကုန်တိုင်း ကုန်စည်စီးဆင်းမှုကော်မတီ၏ တိုက်တွန်းချက်အရ အောက်တိုဘာ ၁၄ ရက်တွင် မြို့နယ်လေးခု၌ ပြန်လည်စတင်ခဲ့သည်။

ရှမ်းပြည်နယ် နောင်တရား၊ ပင်လောင်းမှ တောင်သူများနှင့်ရန်ကုန်တိုင်း မှော်ဘီ၊ တိုက်ကြီး၊ မင်္ဂလာဒုံမှ တောင်သူများ၏ ခရမ်းချဉ်၊ အာလူး၊ ငရုတ်သီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး၊ ပင်းတယ ကြက်သွန်နီ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ကင်ပွန်း၊ ဘုံလုံ၊ ဘူး၊ ဖရုံ၊ဆူးပုပ်၊ ဟင်းနုနယ်၊ ခွေးတောက်၊ မုန်ညင်း၊ ခဝဲ၊ ခရမ်းနှင့် မုန်လာ အစရှိ သည့် ဟင်းရွက်စုံရောင်းချမည်ဖြစ်သည်။ တစ်နေ့တာကုန်စည်များကို အပြီးရောင်းချရန်သတ်မှတ်ထားပြီး လက်ကျန်များကို သိုလှောင်ရုံ ပြန်သယ်မည်မဟုတ်ဘဲ မြို့စွန်ရပ်ကွက်များရှိ လိုအပ်သောအိမ်ထောင်စုများကို လျှော့ဈေးဖြင့် (သို့မဟုတ်) တောင်သူများဆန္ဒနှင့် အလှူရှင်ရှိပါက လှူဒါန်းခြင်းများပြုလုပ်သည်။

**Source:** https://7day.news/section?id=6

## နိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာလ ရက် ၂၀ အတွင်း နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၃၂ ဒသမ ၁၅ သန်း ထပ်မံဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာ ၂၀ ရက်အထိ ဒေါ်လာ သန်း ၂၉၀ ကျော် ဝယ်ယူထား



နိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာလ ရက် ၂၀ အတွင်း နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၃၂ ဒသမ ၁၅ သန်း ထပ်မံဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာ ၂၀ ရက်အထိ ဒေါ်လာ သန်း ၂၉၀ ကျော်ဝယ်ယူထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရသိရသည်။

နိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၀ ပြည့် နှစ် အောက်တိုဘာ ၂ ရက်တွင် ဒေါ်လာ ၃ ဒသမ ၇ သန်း၊ အောက်တိုဘာ ၅ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၆ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၇ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၈ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၉ ရက်တွင် ဒေါ်လာ ၇ ဒသမ ၇ သန်း၊ အောက်တိုဘာ ၁၉ ရက်တွင် ဒေါ်လာ ၃ ဒသမ ၇ သန်း၊ အောက်တိုဘာ ၂၀ ရက်တွင် ဒေါ်လာ ၁ ဒသမ ၈၅ သန်း ထပ်မံဝယ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဇူလိုင်အထိလအလိုက် ရောင်းဝယ်မှုပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ဒေါ်လာ ၃၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၃၁ ဒသမ ၅ သန်း၊ မတ်တွင် ဒေါ်လာ ၂၁ သန်း၊ မေတွင် ဒေါ်လာ ၁၆ ဒသမ ၇ သန်း၊

ဇွန်တွင် ၃၉ ဒသမ ၁ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၃၁ ဒသမ ၁ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၃၅ ဒသမ ၆ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၄၄ ဒသမ ၂ သန်း၊ အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အတွင်း ဒေါ်လာ ၃၂ ဒသမ ၁၅ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ဒေါ်လာ၂ ဒသမ ၇ သန်း ပြန်ရောင်းခဲ့သည်။ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့် အရန်ငွေ ဖြည့်တင်းရန် နိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင် လေလံဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင် အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များ ချမှတ်ထားပြီး အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင် လေလံတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer – AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေလုပ်ငန်းဆောင်ရွက်ချက်များမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန် အလုပ်လုပ်ရက်တစ်ရက်ရှိ မြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲလှယ်နှုန်းနှင့် ယခင်ရက်ရည်ညွှန်းငွေ လဲလှယ်နှုန်းတို့ကိုနှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက် ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ ရောင်းချရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက် ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေကို ဖြည့်တင်းရန် အလုပ်လုပ်ရက်တစ်ရက်၏ ငွေလဲလှယ်နှုန်းအား ပြီးခဲ့သည့်ရက်ပေါင်း ၂၀ အတွင်း၌ဖြစ်ပေါ်သည့် ပျမ်းမျှမြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာလဲလှယ်နှုန်းနှင့် နှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကိုဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဈေးပြိုင်လေလံတွင် ဗဟိုဘဏ်က ကြေညာထားသည့် အမြင့်ဆုံး လဲလှယ်နှုန်းနှင့် အနိမ့်ဆုံးလဲလှယ်နှုန်းအကြား AD ဘဏ်များက တင်ပြသည့် နိုင်ငံခြားငွေဝယ်ယူရန်၊ ရောင်းချရန် တင်ပြချက်များကို Refinitiv (ယခင် Thomson Reuters) ၏ လေလံအရောင်းအဝယ်စနစ် (Real Time Dealing Platform) ကို အသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူ၊ ရောင်းချခြင်းဖြစ်သည်။

အဆိုပါဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင် လေလံဖွင့်လှစ်ဆောင်ရွက်နေခြင်းမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင်ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း ဗဟိုဘဏ်က အသိပေးကြေညာထားသည်။

**Source:** https://news-eleven.com/article/196075

## ပခုက္ကူဈေးကွက်သို့ ရာသီစာသဘာဝမှိုများဝင်ရောက်



ပခုက္ကူဈေးကွက်သို့ ရာသီစာ သဘာဝမှိုများ ဝင်ရောက် လာရောက်ရောင်းချနေကြောင်း သိရသည်။ပခုက္ကူမြို့နယ် ပတ်ဝန်းကျင်ဒေသဖြစ်သော ပေါက်မြို့နယ် တက်မတောင်ပတ်ဝန်းကျင် ကျေးရွာများ အနီးရှိတောတောင်များမှ ထွက်ရှိသော သဘာဝမှိုဖြစ်သည့် မှိုအုန်းနက်၊ မှိုဖြူများကို ပခုက္ကူမြို့မဈေး အနောက်ဘက်တွင် လာရောက်ရောင်းချလျက်ရှိသည်။

မှိုတစ်ပိဿာ၏ဈေးနှုန်းမှာ ၁၆၀၀၀ကျပ်မှ ၃၀၀၀၀ ကျပ်ဈေးအထိ မှိုအဝင် အထွက်ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း မှိုများကို လာရောက်ရောင်းချသူ ပေါက်မြို့နယ် နတ်ဥယျာဉ်ကျေးရွာမှ ဒေါ်အေးမိထံမှသိရသည်။

ယခုမှိုထွက်ရာသီတွင် မိုးနှောင်းမိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မှိုအထွက်နောက်ကျပြီး မှိုထွက်ချိန် ပြောင်းကာရှာဖွေရ ခက်ခဲကြောင်းကိုလည်း ဆက်လက်ရှင်းပြသည်။ ပခုက္ကူမြို့မှ မှိုဝယ်သူတစ်ဦးက မှိုလာရောက်ရောင်းချမှုရှားပါးပြီး ယခင်နှစ်များထက် မှိုဈေးနှုန်းကြီးနေကြောင်း ပြောကြားချက်အရသိရသည်။

**Source:** https://web.facebook.com/TheMirrorDaily/photos/a.401987966560763/3390171791075684/

## မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၌ တစ်ရက်လျှင် ပို့ကုန်သွင်းကုန် ယာဉ်အစီးရေ ၂၀၀ ကျော်ဖြင့်သာ ကုန်စည်စီးဆင်းလျက်ရှိ



မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဖြစ်သော မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်း၌ တစ်ရက်လျှင် ပို့ကုန်သွင်းကုန် ယာဉ် အစီးရေ ၂၀၀ ကျော်ဖြင့်သာ ကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။ စစ်ဆေးမှုတွေကြောင့် နှစ်နိုင်ငံကုန်သွယ်မှုက တစ်နေ့ထက်တစ်နေ့ ပိုပြီးကျဆင်းလာတယ်။ မူဆယ်နယ်စပ် ကုန်သွယ်ရေးမှာက လက်ရှိ မန့်ဝိန်းဂိတ်ကိုပဲ အဓိက အသုံးပြုပြီး နှစ်နိုင်ငံ အဝင်၊ အထွက် ပြုလုပ်နေကြတာပါ။ လက်ရှိ ကုန်တင်ယာဉ်အများဆုံး အဝင် ၁၂၀၊အထွက် ၁၃၀ လောက်ပဲရှိတော့တယ်။ တော်တော်လေးကျတယ်ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။


အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း၌ ယခင်တစ်ရက်လျှင် ပို့ကုန်သွင်းကုန်ယာဉ်အစီးရေ ၈၀၀ အထိ ကုန်စည်စီးဆင်းမှု ရှိခဲ့သော်လည်း တရုတ်နိုင်ငံ ကုန်တင်ယာဉ် အဝင်၊ အထွက်စစ်ဆေးဆောင်ရွက်မှုများကြောင့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ကာ တစ်ရက်လျှင် ပျမ်းမျှ ပို့ကုန်သွင်းကုန် ယာဉ်အစီးရေ ၂၀၀ ကျော်ဖြင့်သာ ကုန်စည်စီးဆင်းမှုရှိကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/3301

## ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏အစုရှယ်ယာအား နိုင်ငံခြားသားများဝယ်ယူခွင့်ပြုပြီး ခုနစ်လအတွင်း ကုမ္ပဏီလေးခု၏ အစုရှယ်ယာအရေအတွက် ၅၄၂၀၀ ကျော်ကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများဝယ်ယူထား

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုပြီး ခုနစ်လအတွင်း ကုမ္ပဏီလေးခု၏ အစုရှယ်ယာအရေအတွက် ၅၄၂၀၀ ကျော်ကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ ဝယ်ယူထားကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်မှစတင်ကာ နိုင်ငံခြားသားများ၊ နိုင်ငံခြားအဖွဲ့အစည်းများကို ရန်ကုန် စတော့အိတ်ချိန်းစာရင်း ကုမ္ပဏီများ၏ အစုရှယ်ယာများဝယ်ယူခွင့် ပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်စာရင်းများအရ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီခြောက်ခုအနက် ကုမ္ပဏီလေးခု၏ အစုရှယ်ယာ ၅၄၂၂၀ ခုကို ဝယ်ယူထားသည်။ ကုမ္ပဏီအလိုက် ဝယ်ယူထားသော အစုရှယ်ယာပမာဏများမှာ

ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (FMI) တွင် ၁၀၀၆၀ ခု၊ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးလ်ဒင်းပတ်ပလစ်လီမိတက် (MTSH) တွင် ၃၈၃၉၉ ခု၊ Ever Flow River Group Public Co.,Ltd တွင် ၅၅၅၆ ခု၊ TMH Telecom Public Co.,Ltd တွင် ၂၀၅ ခုဖြစ်သည်။




ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ သတ်မှတ်ထားသည့် ဘဏ်စာရင်းများဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ် ရေး ကော်မရှင်က ကြေညာချက်အမှတ် (၄/၂၀၂၀) ဖြင့် အသိပေး ကြေညာသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက် အမှတ် (၁/၂၀၂၀) တို့ကို ထုတ်ပြန်၍ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်းသိရသည်။ ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) ၏ အပိုဒ် ၃ (ဂ) အရ ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ (တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အပါအဝင်) အနေဖြင့် ပထမဦးစွာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုသို့သွားရောက်၍ ထောက်ခံစာရယူရန်လိုအပ်သည်။ ယင်းနောက် ပြည်တွင်း၌ နေထိုင်သူဖြစ်ပါက Resident Kyat Account for Securities (R-KAS) နှင့် ပြည်ပတွင် နေထိုင်သူဖြစ်ပါက Non-resident Kyat Account for Securities (N-KAS)နှင့် Non-resident Foreign Currency Account for Securities (N-FAS) ဘဏ်စာရင်းများ ဖွင့်လှစ်ပြီးမှသာ Securities Company များတွင် Securities Account များ ဖွင့်လှစ်ရန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများအနေဖြင့် ကော်မရှင်မှသတ်မှတ်ထားသည့် ဘဏ်စာရင်းများ အသီးသီးဖွင့်လှစ်၍ အရောင်းအဝယ် ပြုလုပ်ကြပါရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်က မေတ္တာရပ်ခံ အသိပေးကြေညာထားသည်။ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသား ပါဝင်ဆောင်ရွက်ရာတွင် ဘဏ်များလိုက်နာဆောင်ရွက်ရမည့် အချက်များကို နိုင်ငံတော် ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် ၃/၂၀၂၀ ညွှန်ကြားခဲ့ကြောင်းသိရသည်။ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ များအရ ပြည်တွင်း၌ နေထိုင်သူနိုင်ငံခြားသားနှင့် ပြည်ပတွင် နေထိုင်သူ နိုင်ငံခြားသားများကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယားများအား ရောင်းဝယ်ခွင့်ပြုမည်ဖြစ်သည်။

ညွှန်ကြားချက်အမှတ် ၁/၂၀၂၀၊ အပိုဒ် ၁၉ အရ နိုင်ငံခြားသားများအနေဖြင့် အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရာတွင် ယင်းတို့၏ရင်းနှီးမြှုပ်နှံငွေများ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရငွေများ နိုင်ငံခြားသို့ ပြန်လည်ပေးပို့ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုကိုခံယူရန်ဖြစ်ကြောင်း ညွှန်ကြားထားသည်။

**Source:** https://news-eleven.com/article/196074

## ဝယ်ယူသူမရှိသဖြင့် တောင်သူ့လက်ဝယ် လျှော်ဖြူစေးပမာဏများပြားနေ




မြန်မာနိုင်ငံမှ လျှော်ဖြူစေးများကို အဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံက မဝယ်တော့သဖြင့် ပြည်တွင်းလျှော်ဖြူ အရောင်း အဝယ်ရပ်တန့်ကာ စိုက်ပျိုးသူများထံတွင် ပမာဏအများအပြား ဖြစ်နေကြောင်းသိရသည်။ “အဝယ်မရှိဘူး။ ပြည်တွင်းမှာက ဖြည့်စွက်စာအနေနဲ့ပဲစားကြတာ။ အခုကျတော့ အဲ့ဒါမျိုးကို မစားကြတော့ဘူး။ ပြည်ပကလည်း ကိုဗစ်ကြောင့် အရောင်း အဝယ်မဖြစ်ဘူး။ ပစ္စည်းတွေလည်းပုံနေတယ်။ ဈေးနှုန်းကျလား၊ တက်လား ပြောရမှာထက် ပစ္စည်းကို မဝယ်တော့တဲ့အတွက် အလကားပေးရင်တောင် အခုက ထားစရာမရှိတော့တဲ့အတွက် ယူကြမှာ မဟုတ်တော့ဘူး”ဟု မန္တလေးတိုင်းဒေသကြီးရှိ လျှော်ဖြူ စိုက်ပျိုးသူ ကိုကျော်မျိုးထွန်းကပြောသည်။လျှော်ဖြူကို ပွဲစားများက တစ်ပိဿာ ကျပ် ၇၀၀၀ ဈေးဖြင့် ဝယ်ယူမှုရှိနေသော်လည်း တောင်သူများအတွက် တွက်ချေကိုက်သည့် ဈေးမဟုတ်သဖြင့် ရောင်းချနိုင်မည်မဟုတ်ကြောင်းလည်း မကွေးတိုင်းဒေသကြီးမှ လျှော်ဖြူစိုက်တောင်သူ ဦးသန်းအောင်ကပြောသည်။ “အခုပေးနေတဲ့ဈေးက ထမင်းစားစရာမရှိတော့မှ ရောင်းရမယ့် အနေ အထားဖြစ်နေတယ်။ တကယ်လျှော်ဖြူ က တစ်သောင်းအောက်ဆင်းရင်ကို မကိုက်တော့ဘူး။ ထိပ်စဆိုရင် ၁၅,၀၀၀ မှ မရရင် မကိုက်ဘူး။ အလတ်စဆိုရင် ၁၀,၀၀၀ကျပ် အောက်ဆင်းရင် ဘယ်လိုမှ မကိုက်ဘူး။ ဒါကြောင့် ကျွန်တော်တို့ဆိုရင် အပင်က လျှော်ဖြူစေးကို လုံးဝမထုတ်တော့ဘဲ ထားလိုက်တယ်”ဟု ၎င်းကပြောသည်။

ထိုအခြေအနေများကြောင့် အစိုးရက လျှော်ဖြူစိုက်ပျိုးသူများကို ချေးငွေထုတ်ချေးကာ ပံ့ပိုးပေးစေလိုကြောင်း စိုက်ပျိုးသူ များကပြောသည်။ “တောင်သူတွေကို ချေးငွေပေးနေတယ်။ ဒါပေမယ့် ချေးငွေရရှိဖို့ကြတော့ခက်ခဲတယ်။ ပုံစံ(၇)က အမည်ပေါက်ဖြစ်ရမယ်။ လုပ်ငန်းလိုင်စင်လည်းရှိရမယ်ဆိုတော့ ကျွန်တော်တို့က လက်လွှဲဝယ်ယူထားတာရှိသလို၊ သီးနှံစိုက်တာဖြစ်တဲ့အတွက် လုပ်ငန်းလိုင်စင်ကလည်း မရှိဖူး။ ဒါတွေကို သက်ဆိုင်ရာအနေနဲ့ စိစစ်ပြီး ချေးပေးစေချင်တယ်”ဟု တောင်သူဦးကျန်ဝေကပြောသည်။ လက်ရှိတွင် တောင်သူများမှာ လျှော်ဖြူအစေးထုတ်လုပ်မှု ရပ်နားထားသော်လည်း အပင်များ ရှင်သန်နိုင်ရန် မြေဩဇာထည့်ရသည့်အပြင် ခြံစောင့်ရှောက်သည့် အလုပ်သမားငှားရမ်းခနှင့် အခြားကုန်ကျစရိတ်များ ရှိနေကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/10519453

## အစိုးရသက်တမ်းငါးနှစ်အတွင်း ပို့ကုန်တန်ဖိုး ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်

လက်ရှိအစိုးရသက်တမ်း ငါးနှစ်အတွင်း လယ်ယာထွက် ကုန်အပါအဝင် နိုင်ငံခြားသို့ ကုန်စည်တင်ပို့ ရောင်းချမှုမှ ဝင်ငွေ၃၀ ရာခိုင်နှုန်းကျော်တိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြောသည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ကပ်ရောဂါဖြစ်ပွားမှုကို ဒီချုပ်အစိုးရ နိုင်ငံတာဝန်စတင်ယူသည့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၁ ဘီလီယံကျော်သာရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်း များတွင် ဖော်ပြထားသည်။ ‘‘ပို့ကုန်ကဏ္ဍမှာတော့ ဒီနှစ်လည်း ခန့်မှန်းချက် ပိုပြီးတိုးတက် ရရှိနိုင်ပါတယ်’’ဟု ဦးခင်မောင် လွင်က ပြောသည်။ COVID-19 ကပ်ရောဂါဖြစ်နေသော်လည်း ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံကျော် ရရှိမည်ဟု အစိုးရက ဘတ်ဂျက်တွင်ထည့်သွင်းဖော်ပြထားသည်။

လက်ရှိ အစိုးရလက်ထက်တွင် ဆန်၊ ပြောင်းနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်များကို ဈေးကွက်အသစ်များ တိုးချဲ့ တင်ပို့နိုင်ခြင်း၊ နိုင်ငံခြားဈေးကွက်အသစ် ရရှိရေးကို ဦးစားပေးဆောင်ရွက်ခြင်းတို့ကြောင့် ပို့ကုန်မြှင့်တင်ပို့နိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ထို့အပြင် ကုန်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အလုံးစုံမဟုတ်သော်လည်း ဖြေလျှော့မှုများစွာ ဆောင်ရွက်ပေးခြင်းက နိုင်ငံခြားပို့ကုန်လုပ်ငန်းများတိုးတက်ရန် တွန်းအားဖြစ်စေသည်ဟု မြန်မာနိုင်ငံ

ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ ပို့ကုန်ပိုင်းတွင် တိုးတက်လာသော်လည်း ပြည်ပသွင်းကုန်တန်ဖိုးသည် ဒေါ်လာ ၁၇ ဘီလီယံကျော်မှ ၁၈ ဘီလီယံကျော်သို့ အနည်းငယ်သာ တိုးတက်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ အပါအဝင် သွင်းကုန်တင်သွင်းမှု ဒေါ်လာ ၁၈ ဘီလီယံ ဝန်းကျင်ရှိခဲ့သည်။ အစိုးရက ၂၀၂၀–၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံ၏ကုန်သွယ်မှုတန်ဖိုးကို ဒေါ်လာ ၃၄ ဘီလီယံကျော်ရရှိမည်ဟု ခန့်မှန်းသည်။

**Source:** https://7day.news/detail?id=202869

## တရုတ်နိုင်ငံမှတင်သွင်းသည့်ပန်းများ အဝင်နည်းလာသဖြင့် မြန်မာ့လီလီပန်း ရောင်းအားတက်နေ



ပြည်တွင်းဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှတင်သွင်းသည့်ပန်းများ ဝင်ရောက်မှုနည်းပါးလာသည့်အတွက် မြန်မာ့လီလီပန်း ဝယ်လိုအားများပြားလာပြီး ရောင်းအားတက်နေကြောင်း ပန်းဈေးကွက်အတွင်းမှသိရသည်။ လီလီပန်းကတော့ ဈေးကွက်ကမပျက်ပါဘူး။ အခုလောလောဆယ်မှာ ရောင်းအားကောင်းနေပါတယ်။ တရုတ်ပြည်နဲ့မန္တလေးကြားမှာ လမ်းပန်းဆက်သွယ်မှုအပိုင်း နှောင့်နှေးမှုလေးတွေ ဖြစ်ပေါ်နေတာကြောင့် အခုလပိုင်းတွေမှာ ကုန်ကားတွေ ဝင်ရောက်မှုနည်းသွားတဲ့အတွက် တရုတ်ပန်းတွေလည်း အဝင်နည်းလာတယ်။ ဒါကြောင့်လည်း ပြည်တွင်းမှာစိုက်ပျိုးတဲ့ လီလီပန်းတွေ အခုလိုမျိုးအရောင်းသွက်လာတာပါဟု မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့မှ လီလီပန်းစိုက်ပျိုးသူ ဦးသိကြားမင်းကပြောသည်။

လီလီပန်းများသည် ဘုရားပန်းကပ်လှူရာတွင်၊ ပန်းအလှဆင်ရာတွင် တာရှည်အထားခံခြင်း၊ အရောင်အဆင်းအားဖြင့် လှပတင့်တယ်ခြင်း၊ မွှေးရနံ့ထူးခြားကောင်းမွန်ခြင်း စသည့် အချက်များကြောင့် လူအများစု ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ နယ်တွေကို တင်ပို့တဲ့အခါမှာ လီလီပန်းတွေကို သေချာစည်းပြီး အိပ်အကြည်တစ်ထပ်စွပ်ပါတယ်။ ပြီးရင် ဖာထဲထည့်ပိတ်ပြီးတော့ မှာယူတဲ့သူတွေနေထိုင်ရာ ကားဂိတ်တွေကို တင်ပို့ပေးနေပါတယ်။ ရန်ကုန်မြို့ကိုသာမက တခြားမြို့တွေကရော ဝယ်လက်တွေရှိပါတယ်။ တခြားပန်းတွေထက် ဈေးကောင်းတာကတော့ မျိုးဥတစ်ဥကို မြန်မာပြည်အရောက် ၇၀၀ ကျပ်, ၈၀၀ ကျပ် ဈေးနှုန်းပေးပြီး ဝယ်ယူစိုက်ပျိုးရတာ မို့လို့ပါ။ မျိုးဥက နယ်သာလန်က တိုက်ရိုက်ဝယ်ယူစိုက်ပျိုးတာ ဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောသည်။ ပြည်တွင်း၌ လီလီပန်းတစ်ပင်လျှင် လက်ကားဈေး ၁၁၀၀ ကျပ်, ၁၂၀၀ ကျပ်, ၁၃၀၀ ကျပ် ဈေးနှုန်းများဖြင့် တင်ပို့ရောင်းချနေသည်။

**Source:** https://greenwaymyanmar.com/posts/good_supply_of_Myanmar_lili_flowers

## ၂၀၂၀ ပြည့်နှစ် မတ်လမှ စက်တင်ဘာလအထိ ရန်ကုန်ဆိပ်ကမ်းများ၌ အထွေထွေကုန်စည်တန်ချိန် စုစုပေါင်း ခုနစ်သန်းခန့် တင်သွင်းတင်ပို့မှုပြုလုပ်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ကုန်တန်ချိန် ၁ ဒသမ ၅ သန်းခန့် ပိုမိုကိုင်တွယ်နိုင်ခဲ့

၂၀၂၀ပြည့်နှစ် မတ်လမှ စက်တင်ဘာလထိ ရန်ကုန်ဆိပ်ကမ်းများ၌ အထွေထွေ ကုန်စည်တန်ချိန်စုစုပေါင်း ခုနစ်သန်းခန့် တင်သွင်းတင်ပို့မှုပြုလုပ်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ကုန်တန်ချိန် ၁ ဒသမ ၅ သန်းခန့် ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။ COVID–19 ရောဂါ စတင်ဖြစ်ပွားသည့် မတ်လမှစတင်ကာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းလုပ်ငန်းများ အဆင်ပြေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အွန်လိုင်းဖြင့် ဆောင်ရွက်ပေးနေပြီး နိုင်ငံ၏ ထုတ်ကုန်သွင်းကုန် လုပ်ငန်းများအားလုံးကို ရာနှုန်းပြည့်ရကြောင်းကဏ္ဍမှ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ် မတ်လမှ စက်တင်ဘာလအထိ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် ကုန်တန်ချိန်ပမာဏအား ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉ မတ်လမှ စက်တင်ဘာအထိ အထွေထွေကုန်စည် တန်ချိန် ၅၃၂၁၁၉၇ တင်သွင်း တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်ယင်းကာလတွင် ကုန်တန်ချိန် ၆၉၀၀၀၄၀ တင်ပို့နိုင်ခဲ့သည့်အတွက် ပမာဏအားဖြင့် ကုန်တန်ချိန် ၁ ဒသမ ၅ သန်းခန့် ပိုမိုတင်ပို့တင်သွင်းခြင်း ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။ ယင်းပြင် ယခုနှစ် ဇူလိုင်လမှစတင်၍ ရန်ကုန်မြစ်အတွင်း ခွင့်ပြုရေစူးအနက်ပေ ပိုမိုရရှိခဲ့သဖြင့် ယခင်ထက် အရွယ်အစား ကြီးမားသော သင်္ဘောကြီးများ ဝင်ထွက်ခွင့် ရရှိခဲ့ခြင်းကြောင့် ကုန်တန်ချိန်ပမာဏ ပိုမိုကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိကိုဗစ်ကာလမှာ လေကြောင်းတွေကလည်းပိတ်တယ်။ တခြားနယ်စပ်ဌာနတွေကလည်း ပိတ်တယ်ဆိုတော့ ကျွန်တော်တို့ ရေကြောင်းကပါ ပိတ်လိုက်မယ်ဆို အဆင်မပြေနိုင်တော့ဘူး။ ဒါကြောင့် ကိုဗစ်ကာလမှာ မြန်မာတစ်နိုင်ငံလုံး ထုတ်ကုန်သွင်းကုန် အကုန်လုံးကို ရေကြောင်းကပဲ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အရင်ကဆို ၈၅ ရာခိုင်နှုန်း အခုဆို ရာနှုန်းပြည့် ဆိပ်ကမ်းကပဲ တာဝန်ယူပြီးဆောင်ရွက်နေပါတယ်။ ကိုဗစ်ဖြစ်တာကြောင့် ဆိပ်ကမ်းကို သင်္ဘောအဝင် အထွက်တွေ လျော့သွားတယ်ဆိုတာ မရှိပါဘူး။ ရေကြောင်း ကဏ္ဍကို ကန့်သတ်လိုက်ရင် ဝန်ဆောင်မှုတော်တော်များများ အကျပ်အတည်း ဖြစ်သွားမှာပါ။ Pilot တွေ စီစဉ်တဲ့နေရာမှာလည်း သင်္ဘောတစ်စင်းမဝင်ခင် သုံးရက်အလိုကတည်းက သင်္ဘောရဲ့ အခြေအနေကို လှမ်းသတင်းပေးတယ်။ တစ်ယောက်ယောက် နေမကောင်းတာပါပြီဆိုရင် Pilot တွေက PPE ဝတ်စုံတွေဝတ်ပြီး မောင်းနှင်ရ ပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနမှ ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးဝင်းမြင့်အောင်က ပြောကြားသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်မြစ်အတွင်း ရေစူးများပြီး တန်ချိန်ကြီးမားသော သင်္ဘောများ ဝင်ထွက်သွားလာ နိုင်ရန် ရေလမ်းကြောင်းအသစ်အား ရှာဖွေခဲ့ရာ ရေစူး ၉ ဒသမ ၃ မီတာရှိ သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကြောင်းအသစ်အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။ ယခင်က ရေစူးကန့်သတ်ချက်ကြောင့် အတွင်း ဆိပ်ကမ်းသို့ တိုက်ရိုက်မဝင်ရောက်နိုင်ဘဲ အပြင်ဆိပ်ကမ်း (သီလဝါဆိပ်ကမ်း) တွင် ကုန်ချ အလေးချိန်လျှော့ချ (ရေစူးလျှော့ချ) ပြီးမှ အတွင်းဆိပ်ကမ်းများ (ဆူးလေတံတား၊ အေးရှားဝေါလ်တံတား၊ စက်မှုဆိပ်ကမ်းတံတား စသည်) သို့ ဝင်ရောက်ရခြင်းများ မလိုအပ်တော့သည့်အတွက် အချိန်နှင့် ကုန်ကျစရိတ်များလျှော့ချနိုင်ကြောင်း၊ ရေစူးများသော ရေယာဉ်ကြီးများအတွင်း ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာတွင် အတွင်းစည်းခုံကို ဖြတ်သန်းနိုင်ရန် ရေချိန်စောင့်ထွက်ခွာရသောကြောင့် အပြင်စည်းခုံအား ဆက်လက်ဖြတ်သန်းနိုင်ရန် အချိန်မမီတော့သည့်အတွက် ကြားခံကျောက်ချရပ် (Via Anchorage Area) တွင် စောင့်ဆိုင်းပြီးမှ ထွက်ခွာရသည့် ကန့်သတ်ချက်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/196054?fbclid=IwAR1L_OX1gxo2n-Ak2duQl7E15o0wRH0IFxCB_0YF-MMhDbURy5_l-mDgy9c

## ကိုဗစ်ကြောင့် MSMEs လုပ်ငန်းအချို့ ရပ်တန့်လာနိုင်

ကိုဗစ်ကာလထိခိုက်မှုများကြောင့် MSMEs လုပ်ငန်းအချို့ ရပ်တန့်လာနိုင်ကြောင်း အငယ်စား၊ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအသင်း MSMEs (ရန်ကုန်)မှ သိရသည်။ ''ဒီပုံစံအတိုင်းသာဆက်သွားရင် အခုတောင် လုပ်ငန်းအချို့က ပိတ်သိမ်းဖို့စဉ်းစားနေကြပြီ။ ဆိုင်ခန်းငှားထားတဲ့သူတွေက ငှားခမလျှော့ဘူးဆိုရင်ဆိုင်ခန်းတွေပြန်အပ်ကြမှာပေ့ါ။ MSMEs လုပ်ငန်းအချို့ ရပ်တန့်သွားနိုင်တဲ့အခြေအနေရှိပါတယ်။ အဲဒါကို ကိုဗစ်ချေးငွေက ဘယ်လောက် အသက်ဆက်ပေးနိုင်မလဲဆိုတဲ့ အပေါ်လည်း မူတည်ပါတယ်''ဟု အငယ်စား၊ အသေးစား၊အလတ်စားလုပ်ငန်းရှင်များ အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးမင်းသူကမြန်မာတိုင်းမ်ကိုပြောသည်။

MSMEs လုပ်ငန်းအချို့ စက်တင်ဘာလဆန်းမှစတင်ကာ ဒုတိယအကြိမ်ပြန်လည်ရပ်နားရခြင်းကြောင့် လုပ်ငန်းများ ပိုမိုထိခိုက်လာနိုင်သည့်အတွက်လုပ်ငန်းရှင်များ စိုးရိမ်နေကြသည်။MSMEs လုပ်ငန်းများမှာ အခြားသောလုပ်ငန်းကြီးများကဲ့သို့ မဟုတ်ဘဲ ငွေရနိုင်သည့် အခွင့်အလမ်းနည်းပါးသည့်အတွက် ထိခိုက်မှုများလာနိုင်ကြောင်း ၎င်းကပြောသည်။ ''ကျွန်တော်တို့ မိတ်ဆွေအချို့က အိမ်ထဲမှာလုပ်ရတဲ့ လုပ်ငန်းမျိုးဆိုတော့ပိတ်တာမျိုးတော့မဟုတ်ဘူး။ ထုတ်ထားတဲ့ထုတ်ကုန်တွေ မရောင်း

ရဘူး။ အလုပ်သမားတွေကို လျှော့ရတယ်။ ထပ်မထုတ်ရဘဲ ရှိတဲ့ဟာကိုရောင်းတာလည်း ဝယ်လိုအားမရှိဘူး။ အကြွေးတွေ ရှိတဲ့သူတွေက ပိုဆိုးတယ်။ ဆက်ပြီးလည်ပတ်ဖို့ မလည်ပတ်ဖို့စဉ်းစားလာကြတယ်''ဟု ဦးမင်းသူကပြောသည်။ လက်ရှိတွင် COVID-19 ကနဦးမတည်ရင်းနှီးငွေ ကျပ်ဘီလျံ ၁၀၀ မှ ကိုဗစ်ကြောင့် အထိခိုက်ဆုံးလုပ်ငန်းများဖြစ်သော CMP၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို အတိုးနှုန်း(၁) ရာခိုင်နှုန်းဖြင့် တစ်နှစ်သက်တမ်းအဖြစ် ပထအကြိမ်မြောက် ထုတ်ချေးပြီးဖြစ်ကာ ဒုတိယအကြိမ်မြောက် ချေးငွေများထုတ်ချေးနိုင်ရန် စာရင်းနှစ်ကြိမ်ထုတ်ပြန်ခဲ့ပြီး SME နှင့် MSMEs လုပ်ငန်း ၁၀ ခုခန့်ပါဝင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/145415.html

## ပြည်တွင်း ကြယ်ပဲစိုက်ဧက အဆမတန်လျော့လာသဖြင့် ပြည်ပသို့ တန်ချိတင်ပို့ရန်ခက်လာ

ပြည်တွင်းကြယ်ပဲစိုက်ဧကသည် ယခင်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧကတစ်သောင်းခန့်စိုက်ပျိုးရာက လက်ရှိတွင် ဧက တစ်ထောင်ဝန်းကျင်သာရှိရာ အဆမတန်လျော့နည်းလာပြီး ထုတ်လုပ်မှုကျဆင်းသဖြင့် ပြည်ပသို့ တန်နှင့်ချီ၍တင်ပို့ရန် ခက်ခဲနေသည်ဟု မြန်မာနိုင်ငံကြယ်ပဲ စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးတင်မျိုးနိုင်ကပြောသည်။ ကြယ်ပဲကို စားသုံးရန်သာမက ဆပ်ပြာ၊ခေါင်းလျှော်ရည်၊ မိတ်ကပ်စသည့် Cosmetics ထုတ်ကုန်များတွင် အသုံး ပြုခြင်းဖြစ်ပြီး ပြည်ပ အမှာရရှိပါက တန်ချိန်နှင့် ချီ၍ တင်ပို့ရသည့်အတွက် လက်ရှိ ပြည်တွင်းထုတ်လုပ်နိုင်မှုအရ ပြည့်မီအောင် မပို့နိုင်ဟုဆိုသည်။ “ကြယ်ပဲဈေးကွက်မှာ Export မသွားနိုင်တာ ကြာပြီ။ဩဂုတ်လလောက်က ထိုင်ဝမ်က ကွန်တိန်နာတစ်စီးစာ အမှာရခဲ့ပေမယ့် မပို့နိုင်ဘူး။ အကြောင်းရင်းက ကိုဗစ်ကာလလည်းဖြစ်တယ်။ ထုတ်လုပ်မှုအရ ကွန်တိန်နာ တစ်စီးစာရဖို့ ပြည်တွင်းမှာ လက်ရှိအနေအထားအရ မဖြစ်နိုင်ဘူး။ စိုက်ဧကက တော်တော်နည်းသွားပြီ”ဟု ၎င်းကပြောသည်။

ကြယ်ပဲကို မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် နေပြည်တော်ဘက်၌ စိုက်ပျိုးထုတ်လုပ်ပြီး ထိုင်း၊ ဗီယက်နမ်၊ထိုင်ဝမ်သို့ တင်ပို့ရာ ယခင်က တစ်ကီလိုလျှင် ကျပ် ၅၀၀၀ ဝန်းကျင်မှ လက်ရှိတွင် ပစ္စည်းပေါ်မှုတည်၍ ၂၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း၊ ပြည်တွင်း စားသုံးသူနည်းပါးသွားပြီး Cosmetic ထုတ်ကုန်များအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုသူများ၏ ဝယ်လိုအားသာရှိပြီး စိုက်ပျိုးထုတ်လုပ်သူများ လျော့နည်းလာကြောင်းသိရသည်။ “သူတို့ကို ဇွတ်အတင်းစိုက်ခိုင်းလို့ မရဘူးပေါ့။ ပြည်တွင်းမှာ ပုံမှန်ဝယ်သူအတွက် စိုက်တဲ့သူလောက်ပဲရှိတယ်။ ပြည်ပတင်ပို့ဖို့ ထိုင်ဝမ်က မှာတဲ့ ကွန်တိန်နာတစ်လုံးက တန် ၂၀ လောက်ပါပြီး အဲလောက်ရဖို့ မဖြစ်နိုင်ဘူး။ ထိုင်းဘက်ပို့တဲ့အခါ အရင်က တစ်ခေါက်ဆို ၃ တန်နဲ့ ၅ တန်ကြားပို့ရတာ။ လက်ရှိပြည်တွင်း ထုတ်နိုင်တာက ကီလို ၃၀၀-၅၀၀ ဆိုတော့ တန်ချီပြီး မရတော့ဘူး”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပဲခူးတိုင်းမှ ကြယ်ပဲစိုက်တောင်သူ ဦးသိန်းကပြောကြားရာ၌“ကြယ်ပဲ ဈေးကောင်းတုန်းက တောင်သူတစ်ဦးကို ၃ ဧကကျော် လောက်ထိစိုက်ကြတယ်။ နောက်ပိုင်းမှာ ဈေးကွက်ကလည်း မကောင်းဘူး။ ဈေးကွက်ကျတော့ စိုက်ထားတာတွေဖျက်ပြီး မန်ကျည်းတို့ လျှော်ဖြူတို့စိုက်လာကြတယ်။ ကြယ်ပဲမစိုက်ဖြစ်တော့ဘူး”ဟုဆိုသည်။ ကြယ်ပဲစိုက်ဧကတိုးလာရန်မှာ အချိန်များစွာယူရမှာဖြစ်ပြီး ထုတ်လုပ်မှုကုန်ချောဈေးကွက်တွင် ပြည်တွင်းမှာနေရာရရန်၊ ထုတ်လုပ်မှုတိုးချဲ့ရန်၊ ထုပ်ပိုးမှုနှင့် ဈေးကွက်ရှာဖွေမှုတိုးချဲ့ရန်တို့ လိုအပ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/145405.html

## အိန္ဒိယနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြတင်းပေါက်တစ်ခုစနစ်အား ဖော်ဆောင်မည်

ဒီဂျစ်တယ်စကြိန်အသုံးပြုလျက် တစ်ခုတည်းသော ပြတင်းပေါက်စနစ် (single-window clearance) ဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆောင်ရွက်မည့် အစီအမံအား အိန္ဒိယနိုင်ငံအစိုးရက လွှတ်တော်သို့ အဆိုပြုတင်ပြထားရာ ၎င်းအစီအစဉ် မစတင်မီ၌ပင် ပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများ၏ စိတ်ဝင်စားမှုကို ရရှိလျက်ရှိကြောင်း သိရှိရပါသည်။

အမည်ဖော်ပြလိုခြင်းမရှိသော အစိုးရအဆင့်မြင့်အရာရှိကြီးတစ်ဦး၏ ပြောကြားချက်အရ ပြည်ပကုမ္ပဏီကြီး ၆ ခုသည် အဆိုပါအစီအစဉ်အရ အိန္ဒိယနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်အတွက် အစိုးရနှင့် ပြောဆိုဆွေးနွေးလျက် ရှိကြောင်း၊

အဆောက်အအုံများဖြင့် သြစတြေးလျပြည်နယ်တို့၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်သော မြေနေရာရရှိနိုင်မည့် အခြေအနေကို စုံစမ်းမေးမြန်းမှုများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင် နိုင်ရန်အတွက် ဗဟို အစိုးရသည် ပြည်နယ်ဒေသန္တရအစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ပြည်နယ် ၈ ခုက မြေနေရာအချက်အလက်ဘဏ် (land bank) ၌ ထည့်သွင်းဖော်ပြရန် သဘောတူညီထားပြီးဖြစ်ကြောင်း၊ အခြား ပြည်နယ် ၆ ခုသည်လည်း နိုဝင်ဘာလ ၁၅ ရက်နေ့အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နိုင်မည့် မြေနေရာ အချက်အလက်များကို land bank သို့ ပေးပို့ရန်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လ ဘဏ္ဍာနှစ်ကုန်ပိုင်းတွင် ပြည်နယ်ပေါင်း ၂၀ ထံမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် မြေနေရာ နှင့်အချက်အလက်များကို စုစည်းရရှိနိုင်ရန် ခန့်မှန်းထားပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြတင်းပေါက် တစ်ခုစနစ်အား မတ်လကုန် သို့မဟုတ် ဧပြီလ ပထမရက်သတ္တပတ်၌ စတင်နိုင်ဖွယ်ရှိကြောင်းဖြင့် အိန္ဒိယ Business Standard သတင်းဌာနမှ ဖော်ပြပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal က စက်တင်ဘာလ ၁၆ ရက်နေ့၌ လော့ဆာဘလွှတ်တော်သို့ စာဖြင့်တင်ပြရာတွင် ဗဟိုအစိုးရလက်အောက်ရှိ ဌာနများနှင့် ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစဉ် ရှင်းလင်းဆောင်ရွက်သည့် စကြ်န်များ အများပြားရှိနေပြီး လုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် ကွဲပြားခြားနားသည့် အဖွဲ့အစည်းမျိုးစုံထံမှ သတင်းအချက်အလက်နှင့် ထောက်ခံချက် လျှောက်ထားရယူမှုများကို ဆောင်ရွက်နေရကြောင်း၊ သို့ဖြစ်ရာ မြေနေရာရရှိနိုင်မှုအပါအဝင် အခြားသော သတင်းအချက်အလက်များကို စုစည်းပံ့ပိုးလျက် လုပ်ငန်းစဉ်အရပ်ရပ်ကို တစ်နေရာတည်း၌ ကိုင်တွယ်ရှင်းလင်း ပေးနိုင်မည့် ဗဟိုအဆင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်းလင်းရေး အဖွဲ့တစ်ခုကို one-stop digital platform တစ်ခု လွှင့်တင်မှုနှင့်အတူ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် ဝန်ကြီးဌာနများမှ လက်ရှိလွှင့် တင်ထားသည့် အင်တာနက် စကြ်န်များ၏ လုပ်ဆောင်မှုကို အနှောင့်အယှက်မဖြစ်စေပဲ အဆိုပါ ဌာနဆိုင်ရာများနှင့် ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ် ရှင်းလင်းဆောင်ရွက်သည့် စနစ်များကို ပေါင်းစည်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့ ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်း ကုန်သွယ်မှုဦးစီးဌာနသည် ၎င်း၏ စက်မှုလုပ်ငန်း သတင်းအချက်အလက်စနစ် (Industrial Information System – IIS) အင်တာနက်စကြ်န်တွင် ကားလမ်း၊ ရထားလမ်း၊ လေဆိပ်နှင့် ဆိပ်ကမ်းတို့ကဲ့သို့သော အခြေခံ အဆောက်အအုံများ အပါအဝင် စက်မှုဇုန်များ ဖော်ထုတ်လျက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်မည့် မြေလွတ်မြေရိုင်း၊ စိုက်ပျိုးမြေ၊ သတ္တု တွင်းမြေ၊ သစ်တောမြေ စသည့် အချက်အလက်များကို ဂြိုဟ်တုမှ ရိုက်ယူထားသည့် မြေပြင်ပုံရိပ် များနှင့်တကွ စုစည်းပံ့ပိုးပေးမည့် မြေနေရာဘဏ် (National GIS-enabled Land Bank) ကို ၂၇-၈-၂၀၂၀ နေ့၌ စတင်ထူထောင်ခဲ့ပါသည်။

အိန္ဒိယအစိုးရသည် မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ သံမဏိပစ္စည်းများထုတ်လုပ်ခြင်းနှင့် အခြားစက်မှုကုန်ထုတ် လုပ်ငန်းများကဲ့သို့သော အကြီးစားအဆင့် အခြေခံကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် ဆောင်ရွက်လျက် ရှိရာ ယခုကဲ့သို့ မြေနေရာရရှိရေးဆိုင်ရာ သတင်းအချက်အလက်စကြ်န်အား ထူထောင်ခြင်းမှာ သင့်လျော်ကောင်းမွန်ကြောင်း၊ သို့ရာတွင် ပြည်နယ်များ၌ ကွဲပြားခြားနားသည့် မြေအသုံးချမှု သဘောသဘာဝနှင့် မြေနေရာရယူမှုဆိုင်ရာ စနစ်များအရ မြေရာနှင့်ပတ်သက်သည့် အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးအတွက် သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်မည့် မြေနေရာအတွက် မြေအသုံးချပိုင်ခွင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းကို လုပ်ဆောင် သင့်ကြောင်း၊ ထို့အပြင် အခြားဆက်စပ်သည့် လုပ်ငန်းနယ်ပယ်များရှိ မှတ်ပုံတင်မှုနှင့် လိုင်စင်လျှောက်ထားမှုတို့ကိုလည်း လွယ်ကူစေရေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် အိမ်ခြံမြေဆိုင်ရာ ကျွမ်းကျင်သူများက ထောက်ပြ ပြောဆိုလျက် ရှိပါသည်။

အိန္ဒိယအစိုးရအနေဖြင့် အိန္ဒိယ၌ထုတ်လုပ်ခြင်း အစီအစဉ်အမှတ်(၂) (Make in India 2.0) အောက်တွင် လုပ်ငန်းကဏ္ဍ ၂၇ ရပ်၌ ရင်းနှီးမြှုပ်နှံမှုလွယ်ကူရေး၊ တီထွင်ဆန်းသစ်မှုမြှင့်တင်ရေး၊ ပထမတန်းစား ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ တည်ထောင်ရေး၊ စီးပွားရေးလုပ်ကိုင်မှု လွယ်ကူချောမွေ့ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး တို့ကိုမြှင့်တင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိရာ စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှု ဦးစီးဌာနသည် ကုန်ထုတ်လုပ်မှုကဏ္ဍ ၁၅ ခုကိုလည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနသည် ဝန်ဆောင်မှု ကဏ္ဍ ၁၂ ခုကိုလည်းကောင်း

တာဝန်ယူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**Source:** 1. Single-window clearance to start in April, 19 Oct 2020, Business Standard

2. With Single Window Clearance and Land Banks, India Lays out the Red Carpet for Investors, 19 Oct 2020, www.thetruepicture.org

3. Single Window System, Ministry of Commerce & Industry, 16 Sept 2020, Press Information Bureau of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် နယ်သာလန်နိုင်ငံ တစ်စိတ်တစ်ပိုင်းအသွားအလာ ကန့်သတ်မှု (partial lockdown) ပြုလုပ်

နယ်သာလန်နိုင်ငံသည် COVID-19 ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ၁၄-၁၀-၂၀၂၀ ရက်နေ့၊ ညပိုင်းမှစတင်၍ တစ်စိတ်တစ်ပိုင်းအသွားအလာကန့်သတ်မှု (partial lockdown) ပြုလုပ်သွားမည်ဟု နယ်သာလန်နိုင်ငံဝန်ကြီးချုပ် Mark Rutte က ကြေညာခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်မှ ၁၃ ရက်နေ့အတွင်း နယ်သာလန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအသစ် (၄၃၉၀၃) ရှိခဲ့ပြီး၊ ယခင်တစ်ပတ်တာကာလနှင့်နှိုင်းယှဉ်လျှင် ၆၀ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များသည် ည ၁၀:၀၀ နာရီအချိန်တွင် ပိတ်ထားရမည်ဖြစ်ပြီး၊ အရက်သေစာနှင့် မူးယစ်စေသောအရာများ ရောင်းချမှုကို ည ၈:၀၀ အချိန်မှ နံနက် ၇:၀၀ အချိန်အတွင်း ခွင့်မပြုကြောင်း၊ စားသောက်ကုန် ရောင်းချသည့်ဆိုင်များမှအပ ဈေးဆိုင်များသည် ည ၈:၀၀ အချိန်တွင် ပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ မဖြစ်မနေ ဆောင်ရွက်ရခြင်းမှအပ နေအိမ်မှအလုပ်လုပ်ကိုင်စေရန် (work from home) ညွှန်ကြားထားကြောင်းသိရသည်။

ဟိုတယ်များကို ဆက်လက်ဖွင့်လှစ်ခွင့်ပြုထားပြီး၊ လာရောက်တည်းခိုသည့် ဧည့်သည်များအား အစားအသောက် ဝန်ဆောင်မှုပေးခြင်းကိုလည်း ခွင့်ပြုထားကြောင်း၊ အဆောက်အဦအတွင်း နေရာများ၌ လူအရေအတွက် အများဆုံး (၃၀) ဦးအထိသာ စုဝေးခွင့်ပြုထားကြောင်း သိရသည်။ အပျော်တမ်းစုဝေးအားကစားပြုလုပ်ခြင်းများကိုလည်း တားမြစ်ထားပြီး၊ နယ်သာလန်နိုင်ငံသားများ အား အနီရောင်(သို့မဟုတ်) လိမ္မော်ရောင်အဖြစ် သတ်မှတ်ထားသော ဒေသ/နိုင်ငံများသို့ ခရီးသွား လာခြင်းမပြုလုပ်ကြရန် ဝန်ကြီးချုပ်က တောင်းဆိုထားသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံအား အနီရောင်ဇုန် နီးပါး သတ်မှတ်ထားသဖြင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ခရီးသွားလာခြင်းကို အားမပေးကြောင်းနှင့် အကယ်၍သွားရောက်ခဲ့ပြီး နယ်သာလန်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက COVID-19 test ပြုလုပ်ခြင်း၊ သီးသန့်ခွဲခြား၍နေထိုင်စေခြင်း (quarantine) တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ နယ်သာလန်နိုင်ငံ၏ အသွားအလာကန့်သတ်ချက် အစီအမံမှာ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်မည်ဖြစ်ပြီး၊ (၂) ပတ်ကြာပြီးနောက်တွင် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## လစာနှင့်ဆုကြေးများကို ANA လျှော့ချဖြတ်တောက်မည်ဖြစ်ကြောင်းသိရ

ဂျပန်နိုင်ငံ၏ အဓိကလေကြောင်းလိုင်းကြီးတစ်ခုဖြစ်သည့် All Nippon Airways (ANA) သည် ဝန်ထမ်းများ၏ လစာနှင့် ယခုနှစ်အတွက် ဆုကြေးငွေများကို လျှော့ချဖြတ်တောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ANA လေကြောင်းလိုင်းသည် ကိုရိုနာဗိုင်းရပ် ကပ်ရောဂါပြန့်ပွားမှုဂယက်ကြောင့် စီးပွားရေး အတန်ပင်ကျဆင်းနေပြီး ပြီးခဲ့သည့် ဧပြီလမှ ဇွန်လအထိ သုံးလပတ်ကာလအတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်အထိ အရှုံးပေါ်ခဲ့ကာ သုံးလပတ် ကာလအတွက် အရှုံးပေါ်ခဲ့သည့် အမြင့်ဆုံးသောပမာဏဖြစ်ကြောင်းသိရပါသည်။ နိုင်ငံတကာလေကြောင်း လိုင်းခရီးစဉ် လိုအပ်ချက်များသည် များမကြာမီကာလတွင် ပြန်လည်နာလန်ထူလာနိုင်မည့် အလားအလာများ နည်းပါးနေသေးသည့် အတွက် ANA အမှုဆောင်အရာရှိများက ဝန်ထမ်း ၁၅,၀၀၀ ခန့်၏လစာများကို လျှော့ချရန်နှင့် ဆောင်းရာသီအပိုဆုကြေးငွေကို ဖြတ်တောက်ရန် စီစဉ်နေကြကြောင်း သိရပါသည်။

နှစ်ဦးပိုင်းက နွေရာသီဆုကြေးငွေဖြတ်တောက်ခဲ့မှုကိုပါ ထည့်တွက်လိုက်ပါက ဝန်ထမ်းများ၏ နှစ်ပတ်လည်ဝင်ငွေသည် စုစုပေါင်း ၃၀ % ခန့်အထိ လျော့ကျသွားမည်ဖြစ်ကြောင်းသိရပါသည်။ ပြီးခဲ့သည့် ဇူလိုင်လက ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ANA Holdings ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် Fukuzawa Ichiro က ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုတောင်းဆိုခဲ့ပြီး ၎င်းတို့အနေဖြင့် ဝန်ထမ်းများ ဆက်လက်ခန့်ထားလိုကြောင်း ပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ ဖြတ်တောက်မှုသည် နှစ်ပေါင်း ၂၀ အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ပြီး လုပ်ငန်းပြန်လည်ဖွဲ့စည်းပြင်ဆင်မှုများ ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်များကို ပိုမိုလျော့ချရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ANA Holdings က ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (22.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 116 | 1,160,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 1,059 | 3,918,300 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 48 | 388,800 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,000 | 203 | 4,471,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,800 | 2,850 | 2,700 | 2,924 | 7,993,050 | 12,823,224 | 34,623 |
| EFR | 00006 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 11 | 34,650 | 19,977,223 | 62,928 |

### Market summary

As of 22nd Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.58 | -0.86 | -0.20% | 439.44 | 439.87 | 438.58 | 4,361 | 17,966,300 | 6 | 652,585 |

**Index chart**



# Market Overview

As of 1:00 pm, 22nd Oct. 2020

| MYANPIX | 438.58 ▼ 0.86 |
|---|---|
| Total Volume (shares) | 4,361 |
| Total Value (MMK) | 18 mil |
| Listed Company | 6 |
| Market Cap. (MMK) | 652,585 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 3,150 | ▲ 0 |

TIR